ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ

နွားသားစပ်မွေးမြူခြင်း နှင့် ရောင်းချခြင်းလုပ်ငန်း

ဆောင်ရွက်ရန်အတွက်

ရင်းနှီးမြှုပ်နှံလိုသူ၏

လုပ်ငန်းအဆိုပြုချက်

" ဝွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီ လီမိတက် "

မာတိကာ

၂၁။ ဝယ်ယူရန်ရှိသော မော်တော်ကားစာရင်း (Attachment (C))

၂၂။ မွေးမြူမည့် နွားများ၏ နမူနာပုံ

၂၃။ မြေပိုင်ဆိုင်မှုနှင့် စပ်လျဉ်းသော စာရွက်စာတမ်းများ (မိတ္တူ)

၂၄။ လုပ်ငန်းလုပ်ကိုင်မည့်တည်နေရာပြမြေပုံ

၂၅။ နိုင်ငံသားစီစစ်ရေးကတ်များ (မိတ္တူ)

၂၆။ ဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီ လီမိတက်၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)

၂၇။ ဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီ လီမိတက်၏ ပုံစံ (၂၆) (မိတ္တူ)

၂၈။ ဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီ လီမိတက်၏ ပုံစံ(c) (မိတ္တူ)

၂၉။ Certificate of UMFCCI Membership

၃၀။ Certificate of Exporter/Importer Registration

၃၁။ ငွေကြေးအထောက်အထား (မိတ္တူ)

၃၂။ ဝင်ငွေခွန်ပေးသွင်းခြင်းအထောက်အထား

၃၃။ ဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီ လီမိတက်၏ သင်းဖွဲ့မှတ်တမ်း နှင့် သင်းဖွဲ့စည်းမျဉ်းများ (မိတ္တူ)

၃၄။ အဆောက်အဦ ဆောက်လုပ်ခြင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ။ (မိတ္တူ)

သို့

ဥက္ကဋ္ဌ

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ

ရက်စွဲ။ ။၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်

အကြောင်းအရာ ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ရင်းနှီးမြှုပ်နှံမှု အတည်ပြုလျှောက်ထားလွှာ ပေးပို့တင်ပြခြင်း။

လေးစားရပါသောလူကြီးမင်းခင်ဗျား ။ ။

၁။ ကျွန်တော်တို့၏ **"ဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီလီမိတက်" "Good Brothers' Co., Ltd."** သည် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ ရေပြည့်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၅၃၀-ဃ) စစ်စီးပင် ရှိ ဦးပိုင်အမှတ် (၁)၊ မြေကွက်အမှတ် (၁-၄) တွင် ၆.၆၂ ဧက ၊ ဦးပိုင်အမှတ် (၄)၊ မြေကွက်အမှတ် (၆-၇) တွင် ၂.၇၈ ဧက၊ ဦးပိုင်အမှတ် (၅)၊ မြေကွက်အမှတ် (၁၁-၁၂) တွင် ၆.၅၃ ဧက နှင့် ဦးပိုင်အမှတ် (၇)၊ မြေကွက်အမှတ် (၂၅) တွင် ၁၀.၂၃ ဧက တို့ဖြင့် စုစုပေါင်း အကျယ်အဝန်း (၂၆.၁၆) ဧက အား ကုမ္ပဏီ အမည်ဖြင့် အပြီးအပိုင်ဝယ်ယူလျက် လိုအပ်သော အဆောက်အအုံများ တည်ဆောက်ကာ နွားမျိုးကောင်း မျိုးသန့်များမွေးမြူမည့် **"နွားသားစပ်မွေးမြူခြင်း နှင့် ရောင်းချခြင်းလုပ်ငန်း"** အား ဆောင်ရွက်ရန် ၁၀၀ ရာခိုင်နှုန်း မြန်မာနိုင်ငံသား ကုမ္ပဏီအနေဖြင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီထံမှ အတည်ပြုမိန့်ရယူရန် အတည်ပြုလျှောက်ထားလွှာ ပေးပို့တင်ပြ လျှောက်ထားခြင်းဖြစ်ပါသည်။

၂။ ကျွန်တော်တို့၏ **"ဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီလီမိတက်" "Good Brothers' Co., Ltd."** သည် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားကုမ္ပဏီအဖြစ် ၁၉၉၁ခုနှစ်၊ စက်တင်ဘာလ (၂) ရက်နေ့တွင် ကုမ္ပဏီ မှတ်ပုံတင်အမှတ်- ၂၁၂ / ၁၉၉၁-၁၉၉၂ ဖြင့် စတင်တည်ထောင်မှတ်ပုံတင်ခဲ့ပါသည်။ ထိုသို့တည်ထောင်ပြီး နောက်ပိုင်းတွင်လည်း ကျွန်တော်တို့ ကုမ္ပဏီမှ ရှယ်ယာအများစုပါဝင်လျက် ကုမ္ပဏီခွဲများအား ထပ်မံ တည်ထောင်ကာ လယ်ယာစိုက်ပျိုးရေး နှင့် လယ်ယာလုပ်ငန်းဆောင်ရွက်သော တောင်သူဦးကြီးများအား အထောက်အကူပြုသော လုပ်ငန်းများဖြစ်သည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း ၊ စိုက်ပျိုးရေး၏ သွင်းအားစုဖြစ်သော မြေဩဇာများအား ရောင်းချပေးခြင်း၊ တောင်သူများ၏ လိုအပ်ချက်အတွက် အသေးစားငွေကြေးထောက်ပံ့ပေးခြင်း ၊ ထွက်ရှိလာသောစပါးများအား ဈေးကွက် ပေါက်ဈေးဖြင့် ဝယ်ယူကာ ကုမ္ပဏီ၏ ဆန်စက်တွင်ကြိတ်၍ ရရှိလာသော ဆန်များကို နိုင်ငံခြားသို့တင်ပို့ခြင်း၊ လယ်ယာသုံးစက်ကိရိယာ

ပစ္စည်းများအား ငွေကြေးအကျေပေးချေရန် မစွမ်းဆောင်နိုင်သော တောင်သူများအား အရစ်ကျပေးချေခြင်းစနစ် ဆောင်ရွက်ပေးသည့်အပြင် မဝယ်ယူနိုင်သူများအတွက်လည်း ငှားရမ်းပေးခြင်း ၊ စသည့် စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ကုမ္ပဏီအနေဖြင့် တောင်သူလယ်သမားများ ဝင်ငွေတိုးပွားနိုင်စေခြင်း အလို့ငှာ ရှေးရှု၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆက်စပ်သော နွားမျိုးကောင်းမျိုးသန့်များအား မွေးမြူလာနိုင်ရန် ရည်ရွယ်လျက် ယခု **"နွားသားစပ်မွေးမြူခြင်း နှင့် ရောင်းချခြင်းလုပ်ငန်း"** အား လုပ်ကိုင်ခြင်း ဖြစ်ပါသည်။ ဤလုပ်ငန်းသည် ဒေသအတွင်း မွေးမြူရေးကဏ္ဍ တိုးတက်လာစေခြင်း၊ လယ်ယာလုပ်ငန်းတွင် ခိုင်းနွားများ ရရှိလာနိုင်ခြင်း၊ ဆန်စပါးအထွက်တိုးကာ နိုင်ငံတော်စားနပ်ရိက္ခာဖူလုံစွာရရှိမည့်အပြင် ပိုလျှံပါက နိုင်ငံခြားသို့ တင်ပို့ကာ နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေရရှိမှု တိုးတက်စေခြင်း၊ တောင်သူလယ်သမားမိသားစုများ၏ ဝင်ငွေတိုးတက်ကာ အဆင်ပြေသောဘဝနေထိုင်မှုကို ရရှိစေနိုင်ခြင်း ၊ စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည့် အပြင် သက်ဆိုင်ရာတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု နှင့် နိုင်ငံတော်၏ ပြည်တွင်းထုတ်လုပ်မှု ဝင်ငွေတိုးတက်ခြင်းတို့အတွက် တဖက်တလမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ခြင်းတို့ကြောင့် အဆိုပြု လုပ်ငန်း အား အတည်ပြုမိန့်ရယူရန် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ အတည်ပြုလျှောက်ထားလွှာ ပေးပို့တင်ပြခြင်းဖြစ်ပါသည်။

ရိုသေလေးစားစွာဖြင့်

လျှောက်ထားသူ

(လှဦး)
DIRECTOR
GOOD BROTHERS' CO., LTD.

သို့

ဥက္ကဋ္ဌ
မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ

ရက်စွဲ။ ။၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်

အကြောင်းအရာ ။ ။ <u>**ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်မည့် လုပ်ငန်းအကျဉ်းအား ရှင်းလင်းတင်ပြခြင်း။**</u>

လေးစားရပါသောလူကြီးမင်းခင်ဗျား ။ ။

၁။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏ **"ဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီလီမိတက်" "Good Brothers' Co., Ltd."** သည် မြန်မာနိုင်ငံသား ရှယ်ယာရာနှုန်းပြည့် ထည့်ဝင်ခြင်းဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် မြန်မာနိုင်ငံသားကုမ္ပဏီဖြစ်ပါသည်။ ကုမ္ပဏီ၏ အစုရှယ်ယာဝင်များ အဖြစ် လူပုဂ္ဂိုလ် (၇) ဦးပါဝင်ဖွဲ့စည်းထားကာ ၁၉၉၁ခုနှစ်၊ စက်တင်ဘာလ (၂) ရက်နေ့တွင် ကုမ္ပဏီ မှတ်ပုံတင်အမှတ်- ၂၁၂ / ၁၉၉၁-၁၉၉၂ ဖြင့် မှတ်ပုံတင်ကာ စတင်တည်ထောင်ခဲ့သော ကုမ္ပဏီဖြစ်ပါသည်။

၂။ ကျွန်တော်တို့၏ **"ဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီလီမိတက်" "Good Brothers' Co., Ltd."** သည် တည်ထောင်ပြီးနောက်ပိုင်းတွင် ကျွန်တော်တို့ ကုမ္ပဏီမှ ရှယ်ယာအများစုပါဝင်လျက် ကုမ္ပဏီခွဲများအားလည်း ဆက်လက်တည်ထောင်ခဲ့ပါသည်။ ကျွန်တော်တို့ကုမ္ပဏီ နှင့် ယင်း၏ကုမ္ပဏီခွဲများသည် လယ်ယာကဏ္ဍနှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းများဖြစ်သည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း ၊ စိုက်ပျိုးရေး၏ သွင်းအားစုဖြစ်သော မြေသြဇာများအား ရောင်းချပေးခြင်း၊ တောင်သူများ၏ လိုအပ်သော ငွေကြေးများ ချေးယူနိုင်ရန် အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ထွက်ရှိလာသောစပါးများအား ဈေးကွက်ပေါက်ဈေးဖြင့် ထိုက်ထိုက်တန်တန်ပေးအပ်ဝယ်ယူကာ ကုမ္ပဏီ၏ ဆန်စက်တွင်ကြိတ်၍ ရရှိလာသော ဆန်များအား နိုင်ငံခြားသို့တင်ပို့ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် လယ်ယာသုံး စက်ကိရိယာပစ္စည်းများအား ငွေအကြေပေးချေရန် မစွမ်းဆောင်နိုင်သော တောင်သူများအား အရစ်ကျငွေပေးချေခြင်းစနစ်ဖြင့် ဆောင်ရွက်ပေးနေ သည့်အပြင် မဝယ်ယူနိုင်သူများအတွက်လည်း ငှားရမ်းပေးသည့် ဝန်ဆောင်မှုများကို လုပ်ကိုင်လျက်ရှိပါသည်။ ထိုသို့ တစ်ဖက်မှ စက်မှုလယ်ယာကဏ္ဍ တိုးတက်ဖွံ့ဖြိုးရန် ဆောင်ရွက်လျက်ရှိပါသော်လည်း ၊ တစ်ဖက်တွင်လည်း မိရိုးဖလာလုပ်ဆောင်ခဲ့ကြသည့်အတိုင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ကျွဲ ၊ နွားများ အသုံးပြုလုပ်ကိုင်ရန်မှာ လိုအပ်နေဆဲဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကျွန်တော်တို့၏ "ဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီလီမိတက်" "Good Brothers' Co., Ltd." သည် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ ရေပြည့်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၅၃၀-ဃ) စစ်စီးပင် ရှိ ဦးပိုင်အမှတ် (၁)၊ မြေကွက်အမှတ် (၁-၄) တွင် ၆.၆၂ ဧက ၊ ဦးပိုင်အမှတ် (၄)၊ မြေကွက်အမှတ် (၆-၇) တွင် ၂.၇၈ ဧက၊ ဦးပိုင်အမှတ် (၅)၊ မြေကွက်အမှတ် (၁၁-၁၂) တွင် ၆.၅၃ ဧက နှင့် ဦးပိုင်အမှတ် (၇)၊ မြေကွက်အမှတ် (၂၅) တွင် ၁၀.၂၃ ဧက တို့ဖြင့် စုစုပေါင်း အကျယ်အဝန်း (၂၆.၁၆) ဧကအား ကုမ္ပဏီအမည်ဖြင့် ကနဦးဝယ်ယူခဲ့ပြီး လိုအပ်သော အဆောက်အအုံများ တည်ဆောက်ကာ နွားမျိုးကောင်း မျိုးသန့်များအား မွေးမြူမည့် **"နွားသားစပ်မွေးမြူခြင်း နှင့် ရောင်းချခြင်းလုပ်ငန်း"** အား ဆောင်ရွက်ရန် ရည်ရွယ်လျက် ၁၀၀ ရာခိုင်နှုန်း မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီအနေဖြင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီထံမှ အတည်ပြုမိန့်ရယူရန် အတည်ပြု လျှောက်ထားလွှာအား ပေးပို့တင်ပြ လျှောက်ထားရခြင်း ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေး အခြေခံသောနိုင်ငံဖြစ်သည့် အားလျော်စွာ နိုင်ငံလူဦးရေ၏ ၇၀% ခန့်မှာ ကျေးလက်ဒေသများတွင် နေထိုင်ကြလျက် စိုက်ပျိုးရေး နှင့် ၄င်းနှင့် ဆက်စပ်သော မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်အသက်မွေးဝမ်းကြောင်းပြုကြသည့် အားလျော်စွာ ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့အကျုံးဝင်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိက အရေးကြီးသော အခန်းကဏ္ဍပင်ဖြစ်ပါသည်။ ထို့ပြင် စိုက်ပျိုးရေးမှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများသည် တိရိစ္ဆာန်များအတွက် အစာအဖြစ် အသုံးပြုနိုင်သကဲ့သို့ စိုက်ပျိုးရေးကဏ္ဍ ၊ အထူးအားဖြင့် ဆန်စပါးစိုက်ပျိုးရေးအတွက် မွေးမြူထားသော ကျွဲနွားများ၏ လုပ်အားကို အသုံးပြုနိုင်သဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးတို့သည် အပြန်အလှန် အကျိုးပြုနေသောကဏ္ဍများဖြစ်ရာ ၊ ပူးတွဲဆောင်ရွက်ခြင်းဖြင့် အကျိုးရလဒ်ပိုမိုကောင်းမွန်နိုင်သော လုပ်ငန်းနှစ်ခုဖြစ်ပါသည်။

၅။ အဆိုပြုလုပ်ငန်းအရ ပိုမိုကြံ့ခိုင်သန်မာသော နွားမျိုးကောင်းမျိုးသန့်များကို မွေးမြူခြင်းအားဖြင့် လယ်ယာကဏ္ဍအတွက် အကျိုးအကျေးဇူးများပိုမိုရရှိနိုင်မည်ဖြစ်ပါသည်။ နေရာဒေသအားဖြင့်လည်း မကွေးတိုင်းဒေသကြီးမှာ အဆိုပြု မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် သင့်လျော်သော အနေအထား ရှိကာ ၊ မွေးမြူရေးလုပ်ငန်းများကို လက်ရှိထက် ပိုမိုစနစ်တကျလုပ်ဆောင်ခြင်းဖြင့် စီးပွားရေးရလဒ်ကောင်းများ ရရှိလာမည်ဟု မျှော်မှန်းချက်ထားရှိကာ ဆောင်ရွက်ရန် ရည်ရွယ်တင်ပြခြင်းဖြစ်ပါသည်။

၆။ ကျွန်တော်တို့ ကုမ္ပဏီ၏ အဆိုပြုလုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်မှာ ကနဦးမျိုးယူရန် နွားမျိုးကောင်းမျိုးသန့် အကောင်ရေ(၁၀၀) အား စတင်မွေးမြူလျက် သဘာဝ သားစပ်ခြင်းအပြင် မေထုန်မဲ့

သားစပ်ခြင်းတို့ကိုပါ ဆောင်ရွက်ကာ မွေးဖွားလာသော နွားငယ်လေးများအား နို့ခွဲချိန်တွင် ဒေသခံတောင်သူများထံ မွေးဖက်ပေး မွေးမြူစေမည်ဖြစ်ပါသည်။ ထို့နောက် ထိုနွားငယ်များ၏ သက်တမ်း (၃) နှစ်အရွယ်ရောက်ရှိချိန်တွင် ဈေးကွက်အတွင်းပြန်လည်ရောင်းချပြီး ရရှိလာသော အကျိုးအမြတ်အား ကျွန်တော်တို့ ကုမ္ပဏီနှင့် မွေးဖက်ယူ တောင်သူအကြား အကျိုးအမြတ် တဝက်စီ ခွဲဝေယူခြင်းဖြင့် ကုမ္ပဏီ နှင့် တောင်သူအကျိုးတူပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့မွေးဖက်ပေးရာတွင် အဆိုပြုလုပ်ငန်းနေရာ၏ အနီးပတ်ဝန်းကျင်ရှိကျေးရွာများတွင် ဆောင်ရွက်မည်ဖြစ်ကာ လုပ်ငန်းထပ်မံချဲ့ထွင်ရန် မြေဧကများ ထပ်မံဝယ်ယူရန်လည်း စီစဉ်ထားရှိပါသည်။ မွေးမြူမည့် အကောင်အရေအတွက် နှင့် ရောင်းချမည့် အစီအစဉ်အား အဆိုပြုလွှာတွင် ပူးတွဲတင်ပြထားပါသည်။ အဆိုပါ မွေးဖက်ပေးမွေးမြူရာတွင် နွား၏ အစားအစာအတွက် လိုအပ်ပါက ကျွန်တော်တို့ကုမ္ပဏီ၏ လုပ်ငန်းခွဲဖြစ်သော ဆန်စက်မှ ဘေးထွက်ပစ္စည်းများအား သက်သာသော နှုန်းထားဖြင့် ဝယ်ယူရရှိနိုင်ရန် စီစဉ်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါသည်။ ကျွန်တော်တို့၏ ဖော်ပြပါ လုပ်ငန်းမြေဧရိယာတွင်လည်း နွားစာမြက်များ စိုက်ပျိုးကာ မိခင်နွားများ၏ စားကျက်အတွက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ ထို့ပြင် မွေးမြူထားသောနွားများ၏ ကျန်းမာရေးအတွက်လည်း တိရစ္ဆာန်ဆေးကုဆရာဝန်များဖြင့် စနစ်တကျပြုစုစောင့်ရှောက်သွားမည်ဖြစ်ရာ နွားများရောဂါများဖြစ်ပွားခြင်းနှင့် အသေအပျောက်နှုန်းတို့ကို လျော့ကျစေမည့်အပြင် တောင်သူများအတွက် တိရိစ္ဆာန်ကျန်းမာရေး ဗဟုသုတများ တိုးပွားစေမည်ဖြစ်ပါသည်။ နွားမွေးမြူခြင်းဖြင့် ရရှိလာသော နွားချေးများအားလည်း သဘာဝမြေဩဇာအဖြစ် ပြန်လည်အသုံးပြုနိုင်သကဲ့သို့ ဇီဝဓါတ်ငွေ့ ထုတ်လုပ်ကာ ချက်ပြုတ်ရာတွင် ထင်းအစားထိုးလောင်စာအဖြစ်အသုံးပြုနိုင်အောင် ပညာပေးလမ်းညွှန်မှုများအား ကုမ္ပဏီအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည် ။

၈။ သို့ဖြစ်ပါ၍ အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းအတွက် လိုအပ်ချက်များအား ဖြည့်ဆည်းပေးရာရောက်သည့်အပြင် ၊ တောင်သူများ၏ ဝင်ငွေတိုးတက်ရေးအတွက်ပါ အထောက်အကူပြုနိုင်သဖြင့် ၊ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ကျစေရေး ရည်မှန်းချက်များကို အထောက်အကူပြုနိုင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်လာမည် ဖြစ်ပါသည်။ ဒေသအတွင်းတွင်လည်း မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေသဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည့်အကျိုးကျေးဇူးများကိုရရှိစေနိုင်မည် ဖြစ်ပါသဖြင့် အဆိုပြုလုပ်ငန်းအား အတည်ပြုမိန့် ရယူရန် လျှောက်ထားလွှာ ပေးပို့တင်ပြခြင်း ဖြစ်ပါသည်။

၉။ ကျွန်တော်တို့၏ ကုမ္ပဏီ၏ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရန်အတွက် မတည်ရင်းနှီးငွေကို မြန်မာကျပ်ငွေ သန်း ၃၀,၀၀၀ (မြန်မာကျပ် သန်း သုံးသောင်း တိတိ) ထားရှိကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ရှယ်ယာဖြည့်သွင်းပြီးသော ရင်းနှီးမြှုပ်နှံပြီးပမာဏအားဖြင့် မြန်မာကျပ်ငွေ သန်း၂၀,၉၁၅.၄၉ (မြန်မာကျပ် သန်း နှစ်သောင်းကိုးရာတစ်ဆယ့်ငါး ဒသမ လေးကိုး တိတိ) ရှိပါသည်။ အဆိုပြုလုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သော ပစ္စည်းများဝယ်ယူခြင်း၊ အဆောက်အအုံများဆောက်လုပ်ခြင်း၊ လုပ်ငန်းလိုအပ်ချက်အရ ဆောင်ရွက်ရမည့် လုပ်ငန်းများဆောင်ရွက်ရန်အတွက် ရည်မှန်းရင်းနှီးမြှုပ်နှံမည့် ပမာဏမှာ မြန်မာကျပ်ငွေ ၉၆၂ သန်း (မြန်မာကျပ် ကိုးရာခြောက်ဆယ့်နှစ်သန်းတိတိ) အား အထက်ပါရင်းနှီးမြှုပ်နှံပြီးပမာဏမှပင် ထည့်ဝင်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။ လိုအပ်သော ပစ္စည်းများအားလည်း ပြည်တွင်းမှပင် ဝယ်ယူသုံးစွဲသွားရန် စီစဉ်ထားရှိပါသည်။ နောင်တွင် ထပ်မံရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုခြင်း ၊ လုပ်ငန်းမှအမြတ်ငွေကိုပြန်လည် ရင်းနှီးမြှုပ်နှံခြင်း နှင့် အသစ်ထပ်မံရင်းနှီးမြှုပ်နှံလိုခြင်းများအတွက် ခွင့်ပြုချက်ရယူ၍ တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံငွေပမာဏအား **တည်ဆောက်မှုကာလ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်ကာလ (၂ နှစ်)** အတွင်း အဆိုပြုလုပ်ငန်းအတွက် သုံးစွဲသွားမည် ဖြစ်ပါသည်။

၁၀။ ကျွန်တော်တို့ကုမ္ပဏီ၏ ရှယ်ယာရှင်များမှ ရင်းနှီးမြှုပ်နှံမှု ထည့်ဝင်ခဲ့သည့် ရာခိုင်နှုန်းများအား ပူးတွဲပါဇယား Annexure No. (I) အဖြစ်ဖြင့် ဖော်ပြထားပါသည်။ ယခု အဆိုပြုလုပ်ငန်းအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုပမာဏ မြန်မာကျပ်ငွေ ၉၆၂ သန်း အား သုံးစွဲမည့် အသေးစိပ်ဖော်ပြချက်အားလည်း ပူးတွဲတင်ပြအပ်ပါသည် ။

၁၁။ ကျွန်တော်တို့၏ အဆိုပြုလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သောဝန်ထမ်းများ နှင့် နွားများအား ထိန်းကြောင်းရန် နွားကျောင်းသားများအား ပြည်တွင်းလုပ်သားများကိုသာ အသုံးပြုမည်ဖြစ်ကာ အထူးအားဖြင့် ဒေသခံများအား ခန့်အပ်သွားရန် ရည်ရွယ်တွက်ချက်ထားပါသည်။ အဆိုပြုလုပ်ငန်း၏ လုပ်ငန်းသဘာဝအားဖြင့် နွားများအား ထိန်းကြောင်းရန် နွားကျောင်းသားအများစု လိုအပ်သဖြင့် ခန့်အပ်ရန် ရည်မှန်းသော ဝန်ထမ်း(၃၂) ဦးတွင် (၂၀) ဦးမှာ နွားကျောင်းသားများ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပြုလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ရရှိကြမည်ဖြစ်ပါသည်။ နောင်အချိန်တွင် လုပ်ငန်း တိုးချဲ့ ဆောင်ရွက်ခဲ့ပါကလည်း တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြကာ ဆောင်ရွက်သွားမည်ဖြစ်ကာ လုပ်သားအင်အား ထပ်မံဖြည့်တင်းသွားမည် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်မည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ခြင်း၊ ဝင်ငွေ တိုးတက်ခြင်း၊ မိသားစုဝင်ငွေ

တိုးတက်ခြင်း စသည့် ကောင်းကျိုးရလဒ်ကောင်းများအား ဖြစ်ပေါ်စေနိုင်ကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါသည်။ လုပ်ငန်းနေရာတွင် မီးပေးနိုင်ရေးအတွက် Generator ကိုအသုံးပြုမည်ဖြစ်ပြီး ရေရရှိရေးအတွက် အဝီစိတွင်းများ တူးဖော်သုံးစွဲမည်ဖြစ်ပါသည်။ ဂန်ထမ်းများနေထိုင်ရန် နှင့် ရုံးအဖြစ်အသုံးပြုရန် အဆောက်အအုံအား ထည့်သွင်း ဆောက်လုပ်ရန် ရည်ရွယ်ထားရှိပါသည်။ နွားတင်းကုပ်များအားလည်း ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ပါသည်။

၁၂။ သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျွန်တော်တို့ကုမ္ပဏီနှင့်အတူ ပူးပေါင်း ဆောင်ရွက်ပေးခြင်းကို ကျေးဇူးအထူးပင် တင်ရှိပြီး ကျွန်တော်တို့၏ **"ဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီလီမိတက်"** **"Good Brothers' Co., Ltd."** ၏ ဖော်ပြပါ လုပ်ငန်းဆောင်ရွက်မှုအတွက် အတည်ပြုမိန့်တင်ပြလျှောက်ထားခြင်းအား ဆောလျှင်စွာ ခွင့်ပြုပေးနိုင်ပါရန် မေတ္တာရပ်ခံ တင်ပြအပ်ပါသည်။

ရှိသေလေးစားစွာဖြင့်

လျှောက်ထားသူ

(လှဦး)

DIRECTOR

GOOD BROTHERS' CO., LTD.

ပုံစံ (၄ - က)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ရင်းနှီးမြှုပ်နှံသူ၏ အတည်ပြုလျှောက်ထားလွှာ

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ် ၊

ရက်စွဲ ၂၀ ခုနှစ်၊ လ ရက်

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ၃၇ နှင့်အညီ အောက်ဖော်ပြပါ အချက်များအား ဖြည့်စွက်၍ အတည်ပြုလျှောက်ထားလွှာကို တင်ပြလျှောက်ထားအပ်ပါသည်-

၁။ ရင်းနှီးမြှုပ်နှံသူ၏

(က) အမည် ....

(ခ) ကုမ္ပဏီမှတ်ပုံတင်အမှတ် သို့မဟုတ် ....
ရင်းနှီးမြှုပ်နှံသူ၏ နိုင်ငံသားစိစစ်ရေးကဒ် ....
အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ....

(ဂ) နိုင်ငံသား ....

(ဃ) နေရပ်လိပ်စာ/ မှတ်ပုံတင်ထားသည့်ကုမ္ပဏီလိပ်စာ ....

....

(င) တယ်လီဖုန်း /ဖက်စ် / အီးမေးလ်လိပ်စာ ....

(စ) လုပ်ငန်းအမျိုးအစား(အသေးစိတ်ဖော်ပြပေးရန်) ....

မှတ်ချက်။ အောက်ပါအချက်များကိုပူးတွဲတင်ပြရန်-

(၁) ကုမ္ပဏီမှတ်ပုံတင်အထောက်အထားမိတ္တူ

(၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့်နိုင်ငံကူးလက်မှတ်မိတ္တူ

၂။ ရင်းနှီးမြှုပ်နှံသူကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ပါက လျှောက်ထားသူ၏ -

(က) အမည် ....

(ခ) ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည် ....
(လျှောက်ထားသူသည် စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ....

(ဃ) နိုင်ငံသား ....

(င) မြန်မာနိုင်ငံတွင်နေထိုင်သည့်နေရပ်လိပ်စာ ....

....

အတည်ပြုလျှောက်ထားလွှာ

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ် ၊ GBS/ 4A/ MIC /2018

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၊ (၃၀) ရက်

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ၃၇ နှင့်အညီ အောက်ဖော်ပြပါအချက်အား ဖြည့်စွက်၍ အတည်ပြုလျှောက်ထားလွှာကို တင်ပြလျှောက်ထားအပ်ပါသည်-

၁။ ရင်းနှီးမြှုပ်နှံသူ၏

(က) အမည် - **ဦးလှဦး (ခ) ဦးလီမင်**

(ခ) ကုမ္ပဏီမှတ်ပုံတင်အမှတ် သို့မဟုတ် ....

ရင်းနှီးမြှုပ်နှံသူ၏ **နိုင်ငံသားစိစစ်ရေးကဒ်** - **၁၃/ကခန(နိုင်) ၀၂၀၂၈၈**

အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် -

(ဂ) နိုင်ငံသား - **မြန်မာနိုင်ငံသား**

(ဃ) **နေရပ်လိပ်စာ**/မှတ်ပုံတင်ထားသည့်ကုမ္ပဏီလိပ်စာ - အမှတ်(၄၉) ၊ ဘုန်းကြီးလမ်း၊ (၅) ရပ်ကွက် ၊ လမ်းမတော်မြို့နယ် ၊ ရန်ကုန်။

(င) **တယ်လီဖုန်း** /ဖက်စ် /**အီးမေးလ်လိပ်စာ** - **၀၉-၅၀၁၇၄၀၈ / gbsygn1@gmail.com**

(စ) လုပ်ငန်းအမျိုးအစား (အသေးစိတ်ဖော်ပြပေးရန်) - **နွားသားစပ်မွေးမြူခြင်း နှင့် ရောင်းချခြင်းလုပ်ငန်း**

မှတ်ချက်။ အောက်ပါအချက်များကိုပူးတွဲတင်ပြရန်-

(၁) ကုမ္ပဏီမှတ်ပုံတင်အထောက်အထားမိတ္တူ

(၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့်နိုင်ငံကူးလက်မှတ်မိတ္တူ

၂။ ရင်းနှီးမြှုပ်နှံသူကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ပါက လျှောက်ထားသူ၏ - **ရင်းနှီးမြှုပ်နှံသူကိုယ်တိုင် လျှောက်ထားခြင်း ဖြစ်ပါသည်။**

(က) အမည် -

(ခ) ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည် -

(လျှောက်ထားသူသည် စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် / နိုင်ငံကူးလက်မှတ်အမှတ် -

(ဃ) နိုင်ငံသား -

(င) မြန်မာနိုင်ငံတွင်နေထိုင်သည့်နေရပ်လိပ်စာ -

(စ) တယ်လီဖုန်း / ဖက်စ် -

(ဆ) အီးမေးလ်လိပ်စာ -

မှတ်ချက်။ တရားဝင်ကိုယ်စားလှယ်လွှဲစာပူးတွဲတင်ပြရန်

၃။ ဖွဲ့စည်းမည့် စီးပွားရေးအဖွဲ့အစည်းပုံသဏ္ဌာန်

☒ ရာခိုင်နှုန်းပြည့် ☐ ဖက်စပ်ပြုလုပ်ခြင်း (ဖက်စပ်စာချုပ်မူကြမ်းတင်ပြရန်)

☐ အခြားသဘောတူညီချက်ပုံစံ တစ်မျိုးမျိုးဖြင့်ဆောင်ရွက်ခြင်း (စာချုပ်မူကြမ်းတင်ပြရန်)

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူ၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး - ၁၀၀ %

အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး .... %

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး ....%

၄။ အစုရှယ်ယာ ၁၀% နှုန်းနှင့် အထက်ပိုင်ဆိုင်သောအစုရှယ်ယာရှင်များစာရင်း

စဉ်	အစုရှယ်ယာရှင်အမည်	နိုင်ငံသား	အစုရှယ်ယာပိုင်ဆိုင်မှု%
	လိုအပ်သော အချက်အလက်များအား Annexure No. I တွင်ဖော်ပြထားပါသည်။		

၅။ ကုမ္ပဏီဖွဲ့စည်းခြင်းနှင့် သက်ဆိုင်သောအချက်အလက်များ

(က) ခွင့်ပြုမတည်ငွေရင်း - မြန်မာကျပ် ၃၀,၀၀၀,၀၀၀,၀၀၀.၀၀

(ခ) အစုရှယ်ယာအမျိုးအစား - သာမန်အစုရှယ်ယာ

(ဂ) အစုရှယ်ယာဝင်များကထည့်ဝင်မည့် အစုရှယ်ယာပမာဏ - မြန်မာကျပ် တစ်ထောင်ကျပ်တိတိတန် အစုရှယ်ယာပေါင်း (၃၀,၀၀၀,၀၀၀)

မှတ်ချက်။ သင်းဖွဲ့မှတ်တမ်း/ သင်းဖွဲ့စည်းမျဉ်း သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပူးတွဲတင်ပြရန်

၆။ မတည်ငွေရင်းနှင့်သက်ဆိုင်သောအချက်အလက်များ-

	မြန်မာကျပ် (သန်းပေါင်း)
(က) ပြည်တွင်းမှထည့်ဝင်မည့်မတည်ငွေရင်း ပမာဏ/ ရာခိုင်နှုန်း	၉၆၂.၀၀ (၁၀၀ %)
(ခ) နိုင်ငံခြားမှယူဆောင်လာသည့်မတည်ငွေရင်း ပမာဏ/ ရာခိုင်နှုန်း	-
စုစုပေါင်း	၉၆၂.၀၀ (၁၀၀ %)

၇။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့်သက်တမ်း - (၅၀) နှစ် နှင့် တစ်ဆက်တည်း သက်တမ်းတိုးခွင့် (၁၀) နှစ် နှစ်ကြိမ်

၈။ ဆောင်ရွက်မည့်စီးပွားရေးအဖွဲ့အစည်းနှင့်သက်ဆိုင်သောအချက်အလက်များ -

(က) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်ဒေသ (များ)/ တည်နေရာ - ဦးပိုင်အမှတ် (၁) မြေကွက်အမှတ် (၁-၄) ၊ ဦးပိုင်အမှတ် (၄) မြေကွက်အမှတ် (၆-၇)၊ ဦးပိုင်အမှတ် (၅) မြေကွက်အမှတ် (၁၁-၁၂) ၊ ဦးပိုင်အမှတ် (၇) မြေကွက်အမှတ် (၂၅) ၊ ကွင်းအမှတ် (၁၅၃၀-ဃ) စစ်စီးပင် ၊ ရေပြည့်ကျေးရွာအုပ်စု၊ မြို့သစ်မြို့နယ်၊ မကွေးခရိုင်၊ မကွေးတိုင်းဒေသကြီး ။

(ခ) ရင်းနှီးမြှုပ်နှံမှုတန်ဖိုး/ ပမာဏ - မြန်မာကျပ် ၉၆၂,၀၀၀,၀၀၀.၀၀

၉။ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်၊ လိုင်စင်၊ ပါမစ်စသည်တို့ ရရှိပြီးပါက ပူးတွဲတင်ပြရန်။

၁၀။ လုပ်ငန်းစတင်ဆောင်ရွက်နေခြင်း ☐ ရှိ ၊ ☒ မရှိ

ရှိပါကလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ဖော်ပြပေးရန်

....

....

၁၁။ အတည်ပြုလျှောက်ထားလွှာနှင့်အတူ အောက်ဖော်ပြပါ လျှောက်ထားလွှာများကို တင်ပြလျှောက်ထားခြင်း ရှိ/မရှိ ဖော်ပြရန်။

☐ မြေအသုံးပြုခွင့်လျှောက်ထားလွှာ

☒ အခွန်ကင်းလွတ်ခွင့်သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာ

လျှောက်ထားသူလက်မှတ်၊ ....

အမည်၊ ဦးလှဦး

ရာထူး၊ ဒါရိုက်တာ

ဌာန/ကုမ္ပဏီတံဆိပ်၊ ဝွတ်(ဒ်) ဘရားသား(စ်) ကုမ္ပဏီ လီမိတက်

ကတိဝန်ခံချက်

အထက်ဖော်ပြပါ လျှောက်ထားသူမှပေးအပ်သည့် အချက်အလက်များအားလုံးသည် မှန်ကန်မှုရှိပါကြောင်း အာမခံပါသည်။

ဤအတည်ပြုလျှောက်ထားလွှာတွင် အတည်ပြုမိန့် ထုတ်ပေးရန်အတွက် ကော်မရှင်မှ စိစစ်ရာ၌ လိုအပ်သည့် အချက်အလက်များကို လျှောက်ထားသူကပေးအပ်ရန် ပျက်ကွက်ပါက အတည်ပြုလျှောက်ထားလွှာကို ငြင်းပယ်ခြင်း သို့မဟုတ် စိစစ်ရာ၌ မလိုလားအပ်သည့် နှောင့်နှေးကြန့်ကြာခြင်းတို့ဖြစ်ပေါ်နိုင်ကြောင်း ကောင်းစွာသဘောပေါက် နားလည်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ချမှတ်မည့် စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

လျှောက်ထားသူလက်မှတ်၊	....
အမည်၊	**ဦးလှဦး**
ရာထူး၊	**ဒါရိုက်တာ**
ဌာန/ကုမ္ပဏီတံဆိပ်၊	**ဝွတ်(ဒ်) ဘရားသား(စ်) ကုမ္ပဏီ လီမိတက်**

အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာ

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊

ရက်စွဲ ၊၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားခြင်း**

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၄ အရ အခွန်ကင်းလွတ် ခွင့် သို့မဟုတ် သက်သာခွင့်များ ခံစားခွင့်ရရှိရေးအတွက် အောက်ဖော်ပြပါအချက်များအား ဖြည့်စွက်၍ လျှောက်ထားအပ်ပါသည်-

၁။ ရင်းနှီးမြှုပ်နှံသူ၏ --
- (က) အမည် --
- (ခ) ကုမ္ပဏီအမည် --
- (ဂ) လုပ်ငန်းအမျိုးအစား --
- (ဃ) ခွင့်ပြုမိန့်အမှတ် သို့မဟုတ် အတည်ပြုမိန့်အမှတ် (လျှောက်ထားဆဲဖြစ်ပါက လျှောက်ထားဆဲဖြစ်ကြောင်းဖော်ပြရန်)

၂။ ရင်းနှီးမြှုပ်နှံသူကိုယ်တိုင်လျှောက်ထားခြင်း မဟုတ်ပါက လျှောက်ထားသူ၏
- (က) ဆက်သွယ်ရမည့် ပုဂ္ဂိုလ်အမည် --
- (ခ) နိုင်ငံသားစိစစ်ရေးကတ်/ နိုင်ငံကူးလက်မှတ် အမှတ် --------------------------------

၃။ တည်ဆောက်မှုကာလ/ ပြင်ဆင်မှု ကာလ --

၄။ စီးပွားဖြစ်စတင်ဆောင်ရွက်သည့်နေ့ --

၅။ အောက်ပါအခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကိုခံစားခွင့်ပြုနိုင်ပါရန် လျှောက်ထား အပ်ပါသည်-
- (က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၅(က)ပါ ဝင်ငွေခွန်ကင်းလွတ်ခွင့်
  - (-) --
  - (-) --
  - (-) --

မှတ်ချက်။ မိမိလျှောက်ထားလိုသည့် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ဖော်ပြရန်

အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာ

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ် ၊ GB / 06 /2018

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်

အကြောင်းအရာ။ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားခြင်း။**

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၄ အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များ ခံစားခွင့်ရရှိရေးအတွက် အောက်ဖော်ပြပါအချက်များအား ဖြည့်စွက်၍ လျှောက်ထားအပ်ပါသည်-

၁။ ရင်းနှီးမြှုပ်နှံသူ၏

(က) အမည် - **ဦးလှဦး (ခ) ဦးလီမင်**

(ခ) ကုမ္ပဏီအမည် - **ဂွတ်(ဒ်) ဘရားသား(စ်) ကုမ္ပဏီ လီမိတက်**

(ဂ) လုပ်ငန်းအမျိုးအစား - **နွားသားစပ်မွေးမြူခြင်း နှင့် ရောင်းချခြင်းလုပ်ငန်း**

(ဃ) ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်အမှတ် - **အတည်ပြုမိန့်လျှောက်ထားဆဲ ဖြစ်ပါသည်။**
(လျှောက်ထားဆဲဖြစ်ပါက လျှောက်ထားဆဲဖြစ်ကြောင်းဖော်ပြရန်)

၂။ ရင်းနှီးမြှုပ်နှံသူကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ပါက လျှောက်ထားသူ၏ - **ရင်းနှီးမြှုပ်နှံသူကိုယ်တိုင် လျှောက်ထားခြင်း ဖြစ်ပါသည်။**

(က) ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည် -

(ခ) နိုင်ငံသားစိစစ်ရေးကတ်/ နိုင်ငံကူးလက်မှတ်အမှတ် -

၃။ တည်ဆောက်မှုကာလ/ပြင်ဆင်မှုကာလ - **(၂) နှစ်**

၄။ စီးပွားဖြစ်စတင်ဆောင်ရွက်သည့်နေ့ - တည်ဆောက်မှုကာလ/ပြင်ဆင်မှုကာလ ပြီးနောက်

၅။ အောက်ပါအခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို ခံစားခွင့်ပြုနိုင်ပါရန် လျှောက်ထား အပ်ပါသည်-

(က) **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၅ (က) ပါ ဝင်ငွေခွန်ကင်းလွတ်ခွင့်**

မှတ်ချက်။ မိမိလျှောက်ထားလိုသည့် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ဖော်ပြရန်

၆။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၅ (က) ပါ ဝင်ငွေခွန်ကင်းလွတ်ခွင့် လျှောက်ထားမည်ဆိုပါက နည်းဥပဒေ ၈၃ နှင့် အညီ လုပ်ငန်းဆောင်ရွက်နေသည့်ဇုန်နေရာ သို့မဟုတ် နည်းဥပဒေ ၉၆ နှင့် အညီ တွက်ချက်ထားသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတန်ဖိုး ၆၅ ရာခိုင်နှုန်း အထက်အား ရင်းနှီးမြှုပ်နှံထားလိုသည့် သို့မဟုတ် လုပ်ငန်း ဆောင်ရွက်နေသည့် ဇုန်နေရာကို ဖော်ပြပေးရန်။	**ဇုန် (၁) ၊ မြို့သစ်မြို့နယ် ၊ မကွေးခရိုင်၊ မကွေးတိုင်းဒေသကြီး ။**

၇။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၇ (က) နှင့် (ဃ) ကို လျှောက်ထားမည်ဆိုပါက နည်းဥပဒေ ၈၄ ပါ အချက်အလက်များကို ဇယား (၁) တွင် ဖြည့်စွက်ရန်။ **မသက်ဆိုင်ပါ။**

၈။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၇ (ခ) အရ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့် လျှောက်ထားမည် ဆိုပါက ဇယား (၂) နှင့် အောက်ပါအချက်အလက်များကို ဖော်ပြပေးအပ်ရန်- **မသက်ဆိုင်ပါ။**

(က) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှရရှိမည့်တစ်နှစ်စာ .... မျှော်မှန်းဝင်ငွေ

(ခ) ပို့ကုန်များမှရရှိသော တစ်နှစ်စာ နိုင်ငံခြားငွေ ....

၉။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၈ (က) အရ ကင်းလွတ်ခွင့်နှင့် သက်သာခွင့် လျှောက်ထားမည်ဆိုပါက နည်းဥပဒေ ၉၉ နှင့်အညီ တစ်ဖက်ပါအချက်အလက်များကို ဖော်ပြ ပေးအပ်ရန်- **နောင်တွင်လိုအပ်ပါက ထပ်မံတင်ပြပါမည်။**

(က) မည်သည့်ဘဏ္ဍာနှစ်တွင်ရရှိခဲ့သည့် .... အမြတ်ငွေဖြစ်ကြောင်းဖော်ပြရန်။

(ခ) မည်သည့်ဘဏ္ဍာနှစ်အတွက် ပြန်လည် .... ရင်းနှီးမြှုပ်နှံလိုကြောင်းဖော်ပြရန်။

(ဂ) ပြန်လည်ရင်းနှီးမြှုပ်နှံမည့် ပမာဏကို .... ဖော်ပြပေးရန်။

၁၀။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၈ (ခ) အရ ကင်းလွတ်ခွင့်နှင့် သက်သာခွင့် လျှောက်ထားမည်ဆိုပါက အောက်ပါအချက်အလက်များကို ဖော်ပြပေးအပ်ရန်-

(က) နိုင်ငံတော်၏ သက်ဆိုင်ရာ ဥပဒေများအရ ခွင့်ပြုထားသည့် ပစ္စည်းတန်ဖိုး လျှော့တွက်နှုန်းထားနှင့် ၄င်းနှုန်းထား၏ ၁.၅ဆနှင့် တူညီသည့် ပစ္စည်းတန်ဖိုး လျှော့တွက်နှုန်းထားတို့ကို ယှဉ်တွဲတွက်ချက် ဖော်ပြထားသည့် ပစ္စည်းတန်ဖိုး လျှော့တွက်နှုန်းထား တွက်ချက်မှုကို ပူးတွဲတင်ပြရန်။

Annexure No. (VI) နှင့် (VI) (A) တွင် ဖော်ပြထားပါသည်။

(ခ) ရင်းနှီးမြှုပ်နှံသူသည့် ပစ္စည်းတန်ဖိုး လျှော့တွက်နှုန်းထားကို တွက်ချက်ခံစားခွင့်အတွက် အခြားသက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံ သီးခြားလျှောက်ထားခြင်း သို့မဟုတ် ရရှိထားခြင်းရှိ၊ မရှိ။ - **သီးခြားလျှောက်ထားခြင်းမရှိပါ။**

၁၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၈ (ဂ) အရ ကင်းလွတ်ခွင့်နှင့် သက်သာခွင့် လျှောက်ထားမည်ဆိုပါက ဘဏ္ဍာနှစ်အတွက် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အမှန်တကယ်ကုန်ကျစရိတ်ကို စာရင်းပြုစု၍ ပူးတွဲတင်ပြရန်။

သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အခါအားလျော်စွာ လုပ်ဆောင်သွားမည်ဖြစ်သော်လည်း ယင်းတို့အတွက်ကုန်ကျစရိတ်များကို စရိတ်အနေဖြင့် ထည့်သွင်းတွက်ချက်သွားရန် လျာထားခြင်းမရှိပါ။

လျှောက်ထားသူလက်မှတ်၊	....
အမည်၊	**ဦးလှဦး**
ရာထူး၊	**ဒါရိုက်တာ**
ဌာန/ကုမ္ပဏီတံဆိပ်၊	**ဝွတ်(ဒ်) ဘရားသား(စ်) ကုမ္ပဏီ လီမိတက်**

ဇယား (၁) - ထုတ်လုပ်မှုအတွက်လိုအပ်သည့်ပစ္စည်းများစာရင်း

စဉ်	ပစ္စည်းအမျိုးအမည်	HS CODE (ဂဏန်း ၄ လုံးဖြင့်ဖော်ပြရန်)	ရေတွက်ပုံ	အရေအတွက်	တစ်ခုချင်းတန်ဖိုး	စုစုပေါင်းတန်ဖိုး	ပင်ရင်းနိုင်ငံ	
							ပြည်တွင်း	ပြည်ပ
	၁	၂	၃	၄	၅	၆	၇	၈
	မသက်ဆိုင်ပါ။							
	စုစုပေါင်း							

မှတ်ချက်။ Brand New / Reconditioned ခွဲခြားဖော်ပြပေးရန်။

ဇယား (၂) - ထုတ်လုပ်မှုအတွက် လိုအပ်သည့် သွင်းအားစုစာရင်း

စဉ်	ပစ္စည်းအမျိုးအမည်	HS CODE (ဂဏန်း ၄ လုံးဖြင့်ဖော်ပြရန်)	ရေတွက်ပုံ	တစ်ခုချင်း တန်ဖိုး (အမေရိကန် ဒေါ်လာ)	တစ်နှစ်အတွက်လိုအပ်မှု				အခြား
					ပြည်တွင်း		ပြည်ပ		
					အရေအတွက်	စုစုပေါင်း (အမေရိကန် ဒေါ်လာ)	အရေအတွက်	စုစုပေါင်း (အမေရိကန် ဒေါ်လာ)	
	၁	၂	၃	၄	၅	၆	၇	၈	၉
	မသက်ဆိုင်ပါ။								
	စုစုပေါင်း								

လုပ်သားများ၏ လူမှုဖူလုံရေး၊ သက်သာချောင်ချိမှုဆောင်ရွက်မည့် အစီအမံများ

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏ **"ဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီလီမိတက်"** **"Good Brothers' Co., Ltd."** သည် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ ရေပြည့်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၅၃၀-ဃ) စစ်စီးပင် ရှိ ဦးပိုင်အမှတ် (၁)၊ မြေကွက်အမှတ် (၁-၄) တွင် ၆.၆၂ ဧက ၊ ဦးပိုင်အမှတ် (၄)၊ မြေကွက်အမှတ် (၆-၇) တွင် ၂.၇၈ ဧက၊ ဦးပိုင်အမှတ် (၅)၊ မြေကွက်အမှတ် (၁၁-၁၂) တွင် ၆.၅၃ ဧက နှင့် ဦးပိုင်အမှတ် (၇)၊ မြေကွက်အမှတ် (၂၅) တွင် ၁၀.၂၃ ဧက တို့အားဖြင့် စုစုပေါင်း အကျယ်အဝန်း (၂၆.၁၆) ဧက အား ကနဦးအဖြစ် ကုမ္ပဏီအမည်ဖြင့် အပြီးအပိုင်ဝယ်ယူလျက် လိုအပ်သော အဆောက်အအုံများ တည်ဆောက်ကာ နွားမျိုးကောင်းမျိုးသန့်များအား မွေးမြူမည့် **"နွားသားစပ်မွေးမြူခြင်း နှင့် ရောင်းချခြင်းလုပ်ငန်း"** အား ဆောင်ရွက်ရန် ၁၀၀ ရာခိုင်နှုန်း မြန်မာနိုင်ငံသား ကုမ္ပဏီအနေဖြင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီထံမှ အတည်ပြုမိန့်ရယူရန် အတည်ပြု လျှောက်ထားလွှာအား ပေးပို့တင်ပြ လျှောက်ထားခြင်းဖြစ်ပါသည်။

၂။ ထိုသို့ **"နွားသားစပ်မွေးမြူခြင်း နှင့် ရောင်းချခြင်းလုပ်ငန်း"** ဆောင်ရွက်ရာတွင် ခန့်အပ်မည့် ဝန်ထမ်းများအတွက် လုပ်ငန်းခွင်သာယာရေးကိုလည်းကောင်း ၊ သာရေးနာရေးဆိုင်ရာ ကိစ္စရပ်များတွင် ပံ့ပိုးကူညီ ပေးခြင်းများကိုလည်းကောင်း ၊ ဝန်ထမ်းများ၏ သားသမီးများ ပညာရေးအတွက် လည်းကောင်း လိုအပ်သကဲ့သို့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါသည် ။ ထို့ပြင် မွေးဖက်ပေးသော တောင်သူများ၏ သာရေး ၊ နာရေး ကိစ္စရပ်များကို လည်း တတ်နိုင်သည့်ဖက်မှ ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ပါသည် ။

၃။ ကျွန်တော်တို့ကုမ္ပဏီအနေဖြင့် ဝန်ထမ်းများအတွက် လူမှုဖူလုံရေးကြေးများကို ထည့်ဝင်ပေးကာ ဝန်ထမ်းများ၏လူမှုဖူလုံရေးအတွက် အပြည့်အဝဆောင်ရွက်ပေးခြင်းကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ထို့ပြင် ဝန်ထမ်းများသွားလာနေထိုင်ရေးအတွက် လိုအပ်သကဲ့သို့ စီစဉ်ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်ပေါ်မူတည်ကာ နှစ်စဉ်အပိုဆု ချီးမြှင့်ခြင်းများအားလည်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ကျွန်တော်တို့ ကုမ္ပဏီ၏ လူမှုရေးဆိုင်ရာတာဝန်ယူမှုများ (Corporate Social Responsibility - CSR) အနေဖြင့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ထမ်းဆောင်ပြီးနောက် ကျန်ရှိသော အသားတင်အမြတ်၏ **(၁) ရာခိုင်နှုန်း** ကို အောက်ဖော်ပြပါလူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါသည်။

(က) ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်မှုလုပ်ငန်းများဖြစ်သည့် လမ်းများဖောက်လုပ်ခြင်း ၊ တံတားများ၊ ကျောင်းများ၊ စာကြည့်တိုက်များ တည်ဆောက်ခြင်း နှင့် အခြားလိုအပ်သော နေရာများတွင် ပါဝင် ပံ့ပိုးပေးသော ဆောင်ရွက်မှုများ။ (၃၀%)

(ခ) ဝန်ထမ်းများ/ မွေးဖက်တောင်သူများ၏ သာရေး နာရေးကိစ္စရပ်များ နှင့် ၎င်းတို့၏ သားသမီးများအတွက် ပညာရေး ဆိုင်ရာပံ့ပိုးကူညီခြင်း။ (၂၀%)

(ဂ) ဒေသတွင်း လိုအပ်သောနေရာများတွင် ရေတွင်းများ တူးဖော်ပေးခြင်း နှင့် နွားချေးများမှ ဇီဝဓါတ်ငွေ့ ထုတ်လုပ်ကာ ချက်ပြုတ်ရာတွင် ထင်းအစားထိုးလောင်စာအဖြစ် အသုံးပြုနိုင်အောင် ပညာပေးခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာစိမ်းလန်းရေး လုပ်ဆောင်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်း (၂၀%)

(ဃ) နွားမွေးမြူရေး၊ နွားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အသိပညာပေးရေးသင်တန်းများကို မွေးဖက်တောင်သူများ နှင့် ဝန်ထမ်းနွားကျောင်းသားများအား ပို့ချပေးခြင်း (၁၅ %)

(င) ဆင်းရဲနွမ်းပါးသော ပညာသင်ကြားရန် အထောက်အပံ့လိုအပ်နေသော နေရာများ/ ကျောင်းများ (အထူးသဖြင့် မကွေးတိုင်းဒေသကြီးအတွင်း) တွင် စာရေးကိရိယာ၊ ကလေး အာဟာရ နှင့် အခြားသောလိုအပ်မှုများအတွက် ထောက်ပံ့ငွေကြေး ထည့်ဝင်ခြင်း လုပ်ငန်းများ။(၁၅%)

၅။ သို့ဖြစ်ပါ၍ ကျွန်တော်တို့၏ **"ဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီလီမိတက်"** "Good Brothers' Co., Ltd." မှအဆိုပြုတင်ပြသည့် **"နွားသားစပ်မွေးမြူခြင်း နှင့် ရောင်းချခြင်းလုပ်ငန်း"** အတွက် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ အတည်ပြုမိန့်ဖြင့် ဆောင်ရွက်ခွင့်ပေးပါရန် မေတ္တာရပ်ခံ တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

လျှောက်ထားသူ

(လှဦး)

DIRECTOR

GOOD BROTHERS' CO., LTD.

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်မည့် အစီအမံများ

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏ **"ဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီလီမိတက်" "Good Brothers' Co., Ltd."** သည် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ ရေပြည့်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၅၃၀-ဃ) စစ်စီးပင် ရှိ ဦးပိုင်အမှတ် (၁)၊ မြေကွက်အမှတ် (၁-၄) တွင် ၆.၆၂ ဧက ၊ ဦးပိုင်အမှတ် (၄)၊ မြေကွက်အမှတ် (၆-၇) တွင် ၂.၇၈ ဧက၊ ဦးပိုင်အမှတ် (၅)၊ မြေကွက်အမှတ် (၁၁-၁၂) တွင် ၆.၅၃ ဧက နှင့် ဦးပိုင်အမှတ် (၇)၊ မြေကွက်အမှတ် (၂၅) တွင် ၁၀.၂၃ ဧက တို့အားဖြင့် စုစုပေါင်း အကျယ်အဝန်း (၂၆.၁၆) ဧက အား ကနဦးအဖြစ် ကုမ္ပဏီအမည်ဖြင့် အပြီးအပိုင်ဂယ်ယူလျက် လိုအပ်သော အဆောက်အအုံများ တည်ဆောက်ကာ နွားမျိုးကောင်းမျိုးသန့်များအား မွေးမြူမည့် **"နွားသားစပ်မွေးမြူခြင်း နှင့် ရောင်းချခြင်းလုပ်ငန်း"** အား ဆောင်ရွက်ရန် ၁၀၀ ရာခိုင်နှုန်း မြန်မာနိုင်ငံသား ကုမ္ပဏီအနေဖြင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီထံမှ အတည်ပြုမိန့်ရယူရန် အတည်ပြု လျှောက်ထားလွှာအား ပေးပို့တင်ပြ လျှောက်ထားခြင်းဖြစ်ပါသည်။

၂။ ကျွန်တော်တို့၏ ကုမ္ပဏီအနေဖြင့် အဆိုပြုလုပ်ငန်းလုပ်ကိုင်မည့် မြေနေရာ ပတ်ဝန်းကျင် သန့်ရှင်းသာယာမှုရှိစေရေးအတွက် ရေနုတ်မြောင်းများစနစ်တကျထားရှိခြင်း၊ စွန့်ပစ်အမှိုက်များအတွက် လုပ်ငန်းခွင်နေရာ အနှံ့အပြားတွင် အမှိုက်ပုံးများထားရှိကာ အမှိုက်စွန့်ပစ်ရန် နှင့် လုပ်ငန်းခွင်အမှိုက်များအတွက်လည်း စွန့်ပစ်ရန် လိုအပ်ပါက သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီမှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း စွန့်ပစ်ရန် လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပြီး လေထုညစ်ညမ်းမှု၊ အသံဆူညံမှု ဖြစ်ပေါ်စေမည့် လုပ်ငန်းဆောင်ရွက်မှုများလည်း ပါဝင်ခြင်းမရှိပါ။ မွေးမြူထားသည့်နွားများအားလည်း ကျန်းမာရေးနှင့် ညီညွတ်စေရန် တိရစ္ဆာန်ဆေးကုဆရာဝန်များဖြင့် အမြဲတစေ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နွားချေးများအားလည်း မီးကင်ခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဇီဝဓါတ်ငွေ့ထုတ်လုပ်ကာ ချက်ပြုတ်ရာတွင် ထင်းအစားအသုံးပြုနိုင်အောင် ပညာပေး လမ်းညွှန်မှုများအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ကျွန်တော်တို့၏ကုမ္ပဏီအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မီးဘေးကာကွယ်ရေး အတွက် မီးအသုံးပြုမှုတွင် သတိရှိစေရန် ဝန်ထမ်းများအား ကြပ်ကြပ်မတ်မတ် သတိပေးခြင်းများ ဆောက်ရွက်သွားမည် ဖြစ်ပါသည်။ အရေးပေါ် မီးငြိမ်းသတ်ရန်အတွက်လည်း မီးသတ်ဌာန၏ လမ်းညွှန်ချက်များအတိုင်း လိုအပ်ပါက တပ်ဆင်ရန်ဆောင်ရွက်မည်ဖြစ်ပါသည်။ မီးသတ်ဆေးဘူးများအားလည်း အရေးပေါ်အခြေအနေအတွက် ထားရှိသွားမည် ဖြစ်ပါသည်။

၄။ ဆေးလိပ်သောက်သုံးရန်နေရာသတ်မှတ်ခြင်း ၊ လောင်စာအကြွင်းအကျန်များစွန့်ပစ်ခြင်း ၊ မီးလောင်မှုကိုဖြစ်စေနိုင်သည့်ပစ္စည်းများကို စနစ်တကျသုံးစွဲစေခြင်းများကိုလည်း စည်းကမ်းချက်များတွင် ထည့်သွင်းသတ်မှတ်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

ရှိသေလေးစားစွာဖြင့်

လျှောက်ထားသူ



(လှဦး)

DIRECTOR

GOOD BROTHERS' CO., LTD.

AMOUNT TO BE INVESTED PLAN

ကျပ် သန်းပေါင်း

စဉ်	အကြောင်းအရာ	Year "0" Construction Period	စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ	မှတ်ချက်
၁	မွေးမြူရန် နွားပေါက်လေးများ ဝယ်ယူခြင်း	280,000,000.00	280,000,000.00	ပထမနှစ် (၄) နှစ် အတွင်း ကနဦး နွားအကောင်ရေ (400) ဝယ်ယူခြင်း ကုန်ကျစရိတ်
၂	မွေးမြူရေးလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ ဝယ်ယူခြင်း	4,100,000.00	4,100,000.00	-
၃	မော်တော်ယာဉ်များ ဝယ်ယူခြင်း	6,000,000.00	6,000,000.00	-
၄	ပရိဘောဂများ ဝယ်ယူခြင်း	2,699,600.00	2,699,600.00	-
၅	အဆောက်အဦးဆောက်လုပ်ခြင်း တန်ဖိုး		202,598,000.00	-
	(i) Freestalls Bran	165,998,000.00		-
	(ii) One Storeyed Office	36,600,000.00		-
၆	အထွေထွေစရိတ်များအတွက် ငွေသားထည့်ဝင်မှုပမာဏ	157,360,000.00	157,360,000.00	လစာ နှင့် ဆီ အသုံးစရိတ် 2 နှစ်စာ
၇	ရေတွင်းတူးကုန်ကျစရိတ် (၅ တွင်း)	5,000,000.00	5,000,000.00	-
၈	မျိုးချောင်းအတွက်ကုန်ကျစရိတ်	4,770,000.00	4,770,000.00	ပထမနှစ် (၄) နှစ် အတွင်း ကနဦး နွားအကောင်ရေ (၇၉၅) ကောင် အတွက်ကုန်ကျစရိတ်
၉	ကာကွယ်ဆေးထိုးသည့်ကုန်ကျစရိတ်	5,722,400.00	5,722,400.00	Cows Breeding and Sales Pattern ၏ ပထမနှစ် (၄) နှစ် အတွင်း စုစုပေါင်းနွားကောင်ရေ (၁,၂၄၄) အတွက် ကာကွယ်ဆေးထိုးသည့်ကုန်ကျစရိတ်
၁၀	ရောဂါဖြစ်လျှင်ကုသစရိတ်	620,000.00	620,000.00	Cows Breeding and Sales Pattern ၏ ပထမနှစ် (၄) နှစ် အတွင်း စုစုပေါင်းနွားကောင်ရေ (၁,၂၄၄) ထဲမှ ရောဂါဖြစ်နိုင်ချေ (၅%) ၏ ကုသစရိတ်
၁၁	အစားအစာအတွက်ကုန်ကျစရိတ်	214,650,000.00	214,650,000.00	ပထမနှစ် (၄) နှစ် အတွင်း ကနဦး နွားအကောင်ရေ (၇၉၅) ကောင်တွက်ကုန်ကျစရိတ်
၁၂	Land Cost	78,480,000.00	78,480,000.00	
	စုစုပေါင်း (ကျပ် သန်းပေါင်း)		**962.00**	

COWS BREEDING AND SALES PATTERN

SR. NO.	PARTICULARS	AGE	A/U	YEAR 0	YEAR 1			YEAR 2			YEAR 3			YEAR 4			YEAR 5			YEAR 6			YEAR 7			YEAR 8		
				INPUT	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN
1	COWS	3 year	ကောင်ရေ	100	200			100			100			100						100			200			100		
		4 year	ကောင်ရေ		99				198			99			99			99						99			198	
		5 year	ကောင်ရေ						98			196			98			98			98						98	
(Age 3 ~ 6 year) Total				100	299			396			395			297			197			198			299			396		
2	NEW BORN	0 year	ကောင်ရေ				90			269			356			356			267			177			178			269
	90%	1 year	ကောင်ရေ						90			269			356			356			267			177			178	
		2 year	ကောင်ရေ									90			269			356			356			267			177	
(Age 0 ~ 2 year) Total				-	90			359			715			981			979			800			622			624		
TOTAL INVENTORY				100	389			755			1,110			1,278			1,176			998			921			1,020		
3	SALES	3 year	ကောင်ရေ											90			269			356			356			267		
		6 year	ကောင်ရေ								98			196			98			98			98					
Sales Total				-	-			-			98			286			367			454			454			267		

Dead Risk = 1 % per year

COWS BREEDING AND SALES PATTERN

SR. NO.	PARTICULARS	AGE	A/U	YEAR 9			YEAR 10			YEAR 11			YEAR 12			YEAR 13			YEAR 14			YEAR 15			YEAR 16		
				INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN
1	COWS	3 year	ကောင်ရေ	100			100						100			200			100			100			100		
		4 year	ကောင်ရေ		99			99			99						99			198			99			99	
		5 year	ကောင်ရေ		196			98			98			98						98			196			98	
(Age 3 ~ 6 year) Total				395			297			197			198			299			396			395			297		
2	NEW BORN	0 year	ကောင်ရေ			356			356			267			177			178			269			356			356
	90%	1 year	ကောင်ရေ		269			356			356			267			177			178			269			356	
		2 year	ကောင်ရေ		178			269			356			356			267			177			178			269	
(Age 0 ~ 2 year) Total				803			981			979			800			622			624			803			981		
TOTAL INVENTORY				1,198			1,278			1,176			998			921			1,020			1,198			1,278		
3	SALES	3 year	ကောင်ရေ	177			178			269			356			356			267			177			178		
		6 year	ကောင်ရေ	98			196			98			98			98						98			196		
Sales Total				275			374			367			454			454			267			275			374		

Dead Risk = 1% per year

COWS BREEDING AND SALES PATTERN

SR. NO.	PARTICULARS	AGE	A/U	YEAR 17			YEAR 18			YEAR 19			YEAR 20		
				INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN
1	COWS	3 year	ကောင်ရေ				100			200			100		
		4 year	ကောင်ရေ		99						99			198	
		5 year	ကောင်ရေ		98			98						98	
(Age 3 ~ 6 year) Total				197			198			299			396		
2	NEW BORN	0 year	ကောင်ရေ			267			177			178			269
	90%	1 year	ကောင်ရေ		356			267			177			178	
		2 year	ကောင်ရေ		356			356			267			177	
(Age 0 ~ 2 year) Total				979			800			622			624		
TOTAL INVENTORY				1,176			998			921			1,020		
3	SALES	3 year	ကောင်ရေ	269			356			356			267		
		6 year	ကောင်ရေ	98			98			98					
Sales Total				367			454			454			267		

SR. NO.	PARTICULARS	AGE	A/U	YEAR 21			YEAR 22			YEAR 23			YEAR 24		
				INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN
1	COWS	3 year	ကောင်ရေ	100			100						100		
		4 year	ကောင်ရေ		99			99			99				
		5 year	ကောင်ရေ		196			98			98			98	
(Age 3 ~ 6 year) Total				395			297			197			198		
2	NEW BORN	0 year	ကောင်ရေ			356			356			267			177
	90%	1 year	ကောင်ရေ		269			356			356			267	
		2 year	ကောင်ရေ		178			269			356			356	
(Age 0 ~ 2 year) Total				803			981			979			800		
TOTAL INVENTORY				1,198			1,278			1,176			998		
3	SALES	3 year	ကောင်ရေ	177			178			269			356		
		6 year	ကောင်ရေ	98			196			98			98		
Sales Total				275			374			367			454		

Dead Risk = 1% per year

COWS BREEDING AND SALES PATTERN

SR. NO.	PARTICULARS	AGE	A/U	YEAR 25			YEAR 26			YEAR 27			YEAR 28			YEAR 29			YEAR 30		
				INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN	INPUT	IN HAND	NEW BORN
1	COWS	3 year	ကောင်ရေ	200			100			100											
		4 year	ကောင်ရေ		99			198			99			99							
		5 year	ကောင်ရေ					98			196			98			98				
(Age 3 ~ 6 year) Total					299			396			395			197			98				-
2	NEW BORN	0 year	ကောင်ရေ			178			269			356									
	90%	1 year	ကောင်ရေ		177			178			269			356							
		2 year	ကောင်ရေ		267			177			178			269			356				
(Age 0 ~ 2 year) Total					622			624			803			625			356				-
TOTAL INVENTORY					921			1,020			1,198			822			454				-
3	SALES	3 year	ကောင်ရေ	356			267			177			178			269			356		
		6 year	ကောင်ရေ	98						98			196			98			98		
Sales Total					454			267			275			374			367			454	

Dead Risk = 1% per year

Annexure No. (I)

LIST OF SHAREHOLDERS

GOOD BROTHERS' CO.,LTD.

Sr. No.	Name	Citizenship & NRC No.	Address	Proposed Designation	Amount of Authorized Capital	Shares-Holdings %
1	U Maung Maung Htwe @ U Lee Phu	Myanmar 12/Ka Kha Na (N) 020286	No.(543), East Yadanarbumi, Mahar Aung Myay Township, Mandalay.	Managing Director		19.5%
2	U Maung Aye @ U Lee Kyan	Myanmar 13/Ka Kha Na (N) 020283	No.(Dha-10/5), Mahar Myaing Ward, Mahar Aung Myay Township, Mandalay.	Director		19.5%
3	U Maung Nge	Myanmar 13/Ka Kha Na (N) 020285	No.(543), East Yadanarbumi, Mahar Aung Myay Towhsip, Mandalay.	Director		19.5%
4	U Hla Oo	Myanmar 13/Ka Kha Na (N) 020288	No.(49), Phonegyi Street, (5) Ward, Lanmadaw Township, Yangon.	Director		19.5%
5	U Zaw Zaw Lay	Myanmar 13/Ka Kha Na (N) 020290	No.(A-9 G), 34th Street, Kinsana Mahi Ward, Chan Aye Thar Zan Towhsip, Mandalay.	Director		19.5%
6	Daw Hnin Si	Myanmar 13/Ka Kha Na (N) 020287	No.B/3-75, Between 65th x 66th street, Between Manawhari Street & Sein Pan Street, Chan Mya Thar Si Township, Mandalay.	Shareholder		1.25%
7	Daw Khin Hnin Phyu	Myanmar 13/Ka Kha Na (N) 020289	No.122(A) G-1, 80th street, Between 30th x 31st Street, East of Aung Nan Quarter, Chan Aye Thar San Township, Mandalay,	Shareholder		1.25%
			Total Capital			**100%**

Annexure No. (II)

ANNUAL FUEL REQUIREMENT

Currency in MMK Million

Particulars (Type)	A/U	Unit Price MMK	Year 1		Year 2		Year 3		Year 4		Year 5	
			Qty	Amount	Qty	Amount	Qty	Amount	Qty	Amount	Qty	Amount
Petrol for Vehicle	Gallon	3,500	800	2.80	900	3.15	1,000	3.50	1,050	3.68	1,100	3.85
Diesel for generator	Gallon	3,500	857	3.00	1,000	3.50	1,100	3.85	1,200	4.20	1,300	4.55
TOTAL MMK ('000'000)				**5.80**		**6.65**		**7.35**		**7.88**		**8.40**

Particulars (Type)	A/U	UNIT PRICE MMK	Year 6		Year 7		Year 8		Year 9		Year 10 - 30	
			Qty	Amount	Qty	Amount	Qty	Amount	Qty	Amount	Qty	Amount
Petrol for Vehicle	Gallon	3,500	1,150	4.03	1,200	4.20	1,250	4.38	1,300	4.55	1,350	4.73
Diesel for generator	Gallon	3,500	1,400	4.90	1,500	5.25	1,600	5.60	1,700	5.95	1,800	6.30
TOTAL MMK ('000'000)				**8.93**		**9.45**		**9.98**		**10.50**		**11.03**

Note : (1) The Accounting Unit is gallon.

(2) 1 gallon = 3,500 MMK

Annexure No. (III)

LIST OF EMPLOYMENT

(A) Local Personnel Required

Sr. No.	Type of Personnel	Department	Monthly Pay Scale (MMK)	Yearly Pay Scale (MMK)	Year 1		Year 2		Year 3	
					No. of Person	Yearly Amt MMK	No. of Person	Yearly Amt MMK	No. of Person	Yearly Amt MMK
1	General Manager	Admin & Executive Office	850,000	10,200,000	1	10,200,000	1	10,800,000	1	10,800,000
2	Admin, HR & Accounts Manager	Admin, HR & Finance	650,000	7,800,000	1	7,800,000	1	8,400,000	1	8,400,000
3	Sales & Marketing Manager	Sales & Marketing	400,000	4,800,000	1	4,800,000	1	5,400,000	1	5,400,000
4	Accounts Assistant	Finance	200,000	2,400,000	1	2,400,000	1	3,000,000	1	3,000,000
5	Human Resource Assistant	Admin & HR	200,000	2,400,000	1	2,400,000	1	3,000,000	1	3,000,000
6	Admin & Sales Assistant	Admin & Sales	150,000	1,800,000	4	7,200,000	4	8,660,000	4	8,660,000
7	Security	Admin & HR	150,000	1,800,000	3	5,400,000	3	5,900,000	3	5,900,000
8	Cowboy (Daily Wages)	Admin & HR	150,000	1,800,000	20	36,000,000	20	36,000,000	20	36,000,000
	TOTAL AMOUNT IN MMK				**32**	**76,200,000**	**32**	**81,160,000**	**32**	**81,160,000**
	TOTAL AMOUNT IN MMK MILLION					**76.20**		**81.16**		**81.16**

Annexure No. (III)(A)

LIST OF EMPLOYMENT

(A) Local Personnel Required

Currency in MMK

Sr. No.	Type of Personnel	Department	Monthly Pay Scale (MMK)	Yearly Pay Scale (MMK)	Year 4		Year 5		Year 6 - Year 30	
					No. of Person	Yearly Amt MMK	No. of Person	Yearly Amt MMK	No. of Person	Yearly Amt MMK
1	General Manager	Admin & Executive Office	850,000	10,200,000	1	10,800,000	1	10,800,000	1	10,800,000
2	Admin, HR & Accounts Manager	Admin, HR & Finance	650,000	7,800,000	1	8,400,000	1	8,400,000	1	8,400,000
3	Sales & Marketing Manager	Sales & Marketing	400,000	4,800,000	1	5,400,000	1	5,400,000	1	5,400,000
4	Accounts Assistant	Finance	200,000	2,400,000	1	3,000,000	1	3,000,000	1	3,000,000
5	Human Resource Assistant	Admin & HR	200,000	2,400,000	1	3,000,000	1	3,000,000	1	3,000,000
6	Admin & Sales Assistant	Admin & Sales	150,000	1,800,000	4	8,858,000	4	8,858,000	4	8,858,000
7	Security	Admin & HR	150,000	1,800,000	3	5,900,000	3	5,900,000	3	5,900,000
8	Cowboy (Daily Wages)	Admin & HR	150,000	1,800,000	20	36,000,000	20	36,000,000	20	36,000,000
	TOTAL AMOUNT IN MMK				**32**	**81,358,000**	**32**	**81,358,000**	**32**	**81,358,000**
	TOTAL AMOUNT IN MMK MILLION					**81.36**		**81.36**		**81.36**

Annexure No. (IV)

ရောင်းချသည့် နွားအရေအတွက် နှင့် ဝင်ငွေ (100% Local Sales)

Currency in MMK

Sr. No.	Particulars	Age	A/U	Year									
				1	2	3	4	5	6	7	8	9	10
	QUANTITY												
1	Type A - (3 year)	3 year	ကောင်ရေ	-	-	-	45	135	178	178	134	89	89
2	Type B - (3 year)	3 year	ကောင်ရေ	-	-	-	45	134	178	178	133	88	89
3	Type C - (6 year)	6 year	ကောင်ရေ	-	-	98	196	98	98	98	-	98	196
	TOTAL QUANTITY			**-**	**-**	**98**	**286**	**367**	**454**	**454**	**267**	**275**	**374**
	UNIT PRICE PER UNIT FOR COWS												
1	Type A - (3 year)	3 year	ကောင်ရေ	1,200,000	1,200,000	1,200,000	1,200,000	1,200,000	1,200,000	1,200,000	1,200,000	1,200,000	1,200,000
2	Type B - (3 year)	3 year	ကောင်ရေ	1,000,000	1,000,000	1,000,000	1,000,000	1,000,000	1,000,000	1,000,000	1,000,000	1,000,000	1,000,000
3	Type C - (6 year)	6 year	ကောင်ရေ	650,000	650,000	650,000	650,000	650,000	650,000	650,000	650,000	650,000	650,000
	REVENUE												
1	Type A - (3 year)	3 year	MMK	-	-	-	54,000,000	162,000,000	213,600,000	213,600,000	160,800,000	106,800,000	106,800,000
2	Type B - (3 year)	3 year	MMK	-	-	-	45,000,000	134,000,000	178,000,000	178,000,000	133,000,000	88,000,000	89,000,000
3	Type C - (6 year)	6 year	MMK	-	-	63,700,000	127,400,000	63,700,000	63,700,000	63,700,000	-	63,700,000	127,400,000
	TOTAL REVENUES (MMK IN MILLION)			**-**	**-**	**63.70**	**226.40**	**359.70**	**455.30**	**455.30**	**293.80**	**258.50**	**323.20**

Annexure No. (IV)(A)

ရောင်းချသည့် နွားအရေအတွက် နှင့် ဝင်ငွေ (100% Local Sales)

Currency in MMK

Sr. No.	Particulars	Age	A/U	Year									
				11	12	13	14	15	16	17	18	19	20
	QUANTITY												
1	Type A - (3 year)	3 year	ကောင်ရေ	135	178	178	134	89	89	135	178	178	133
2	Type B - (3 year)	3 year	ကောင်ရေ	134	178	178	133	88	89	134	178	178	134
3	Type C - (6 year)	6 year	ကောင်ရေ	98	98	98	-	98	196	98	98	98	-
	TOTAL QUANTITY			**367**	**454**	**454**	**267**	**275**	**374**	**367**	**454**	**454**	**267**
	UNIT PRICE PER UNIT FOR COWS												
1	Type A - (3 year)	3 year	ကောင်ရေ	1,200,000	1,200,000	1,200,000	1,200,000	1,200,000	1,200,000	1,200,000	1,200,000	1,200,000	1,200,000
2	Type B - (3 year)	3 year	ကောင်ရေ	1,000,000	1,000,000	1,000,000	1,000,000	1,000,000	1,000,000	1,000,000	1,000,000	1,000,000	1,000,000
3	Type C - (6 year)	6 year	ကောင်ရေ	650,000	650,000	650,000	650,000	650,000	650,000	650,000	650,000	650,000	650,000
	REVENUE												
1	Type A - (3 year)	3 year	MMK	162,000,000	213,600,000	213,600,000	160,800,000	106,800,000	106,800,000	162,000,000	213,600,000	213,600,000	159,600,000
2	Type B - (3 year)	3 year	MMK	134,000,000	178,000,000	178,000,000	133,000,000	88,000,000	89,000,000	134,000,000	178,000,000	178,000,000	134,000,000
3	Type C - (6 year)	6 year	MMK	63,700,000	63,700,000	63,700,000	-	63,700,000	127,400,000	63,700,000	63,700,000	63,700,000	-
	TOTAL REVENUES (MMK IN MILLION)			**359.70**	**455.30**	**455.30**	**293.80**	**258.50**	**323.20**	**359.70**	**455.30**	**455.30**	**293.60**

Annexure No. (IV)(B)

ရောင်းချသည့် နွားအရေအတွက် နှင့် ဝင်ငွေ (100% Local Sales)

Currency in MMK

Sr. No.	Particulars	Age	A/U	Year 21	22	23	24	25	26	27	28	29	30
	QUANTITY												
1	Type A - (3 year)	3 year	ကောင်ရေ	134	89	135	178	178	134	89	89	134	178
2	Type B - (3 year)	3 year	ကောင်ရေ	133	89	134	178	178	133	88	89	135	178
3	Type C - (6 year)	6 year	ကောင်ရေ	98	196	98	98	98	-	98	196	98	98
	TOTAL QUANTITY			**365**	**374**	**367**	**454**	**454**	**267**	**275**	**374**	**367**	**454**
	UNIT PRICE PER UNIT FOR COWS												
1	Type A - (3 year)	3 year	ကောင်ရေ	1,200,000	1,200,000	1,200,000	1,200,000	1,200,000	1,200,000	1,200,000	1,200,000	1,200,000	1,200,000
2	Type B - (3 year)	3 year	ကောင်ရေ	1,000,000	1,000,000	1,000,000	1,000,000	1,000,000	1,000,000	1,000,000	1,000,000	1,000,000	1,000,000
